# COVID-19 Vaccine

## အထွေထွေ ဖောက်သည်များအတွက် COVID-19 ကာကွယ်ဆေးဆိုင်ရာ အမေးများသော မေးခွန်းများ

၀၂/၁၁/၂၀၂၁


COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သည့် မေးလေ့မေးထရှိသော မေးခွန်းများကို ကြည့်ရှုသည့် အထွေထွေ သုံးစွဲသူ 2

COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သည့် Ascension ၏ ချဉ်းကပ်မှုအတွက် သတင်းအချက်အလက်များကို မည်သည့်နေရာတွင် ကျွန်ုပ်ရှာဖွေနိုင်ပါသလဲ။ 3

COVID-19 ကာကွယ်ဆေးသည် စိတ်ချရခြင်းရှိမရှိ မည်သို့သိရှိနိုင်မည်နည်း။ 3

အရေးပေါ်အသုံးပြုခွင့် (EUA) က FDA ရဲ့ အပြည့်အဝ ထောက်ခံခွင့်ပြုချက်နဲ့ ဘယ်လိုကွာခြားတာလဲ။ 3

COVID-19 ကာကွယ်ဆေးတွေဟာ ဘယ်လိုအလုပ်တာလဲ။ 4

ကျွန်ုပ်သည် ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိပြီး COVID-19 မှ ပြန်လည်ကျန်းမာလာပါက ကာကွယ်ဆေးထိုးနှံရန် လိုအပ်ပါသေးသလား။ 5

ကာကွယ်ဆေးကို ဘယ်နှကြိမ်ထိုးနှံရန် လိုအပ်မည်နည်း။ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုတည်းမှ ကာကွယ်ဆေးနှစ်ကြိမ်လုံး ထိုးနှံရန် လိုအပ်ပါသလား။ 6

ကာကွယ်ဆေး၏ ဘေးအန္တရာယ်တွေက ဘာတွေလဲ။ 7

တုပ်ကွေးကာကွယ်ဆေးက COVID-19 အတွက်လည်း ကာကွယ်ပေးနိုင်သလား။ 7

Ascension ပံ့ပိုးထောက်ကူရေးဌာနများအတွင်းတွင် နှာခေါင်းစည်းများကို တပ်ဆင်ရန် လိုအပ်ဆဲဖြစ်ပါသလား။ 7

ကာကွယ်ဆေးအမျိုးအစားသည် နှစ်ကြိမ်ထိုးနှံရန် လိုအပ်ပါက ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုသည် ကျွန်ုပ်၏ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုနောက် 21 ရက် သို့မဟုတ် 28 ရက်အတိအကျ စောင့်ဆိုင်းရန် လိုအပ်မည်လား။ 8

ကာကွယ်ဆိုး အထိုးခံပြီးနောက်တွင် မည်သည့်ဘေးထွက်ဆိုးကျိုးများကို ခံစားရနိုင်ပါသလဲ။ 8

ပထအကြိမ် ကာကွယ်ဆေးထိုးထားပြီးသော်လည်း ဘေးထွက်ဆေးကျိုးများ သို့မဟုတ် COVID-19 ကူးစက်မှုခံရမှုများကို ကြုံတွေ့ရနိုင်ခြင်း ရှိ၊ မရှိအား ကျွန်ုပ်အသေအချာ သိနိုင်ပါသား။ 9

CDC ၏ V-safe အစီအစဉ်ဆိုတာ ဘာလဲ။ ၎င်းတွင် ကျွန်ုပ်မည်သို့ ပါဝင်နိုင်ပါသလဲ။ 9

Ascension ၏ မျှော်မှန်းချက်မှာ “လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းများ၏ ကျန်းမာရေးကို အရှည်သဖြင့်ထိန်းသိမ်းတိုးမြှင့်မည့်” "ဝိညာဉ်ရေးရာဇဟိုပြု ဘက်စုံစောင့်ရှောက်မှု" အား ကြိုးပမ်းဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးခြင်းမှာ သင့်ကိုယ်သင် ဂရုစိုက်ခြင်းသာမက သင်နှင့် သင့်မိသားစုကို ပြုစုစောင့်ရှောက်သော နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ အမေးများသော မေးခွန်းများ (FAQs) မှာ ကုသစောင့်ရှောက်မှုပေးခြင်း၊ စိုးရိမ်ပူပန်မှုများ ဖယ်ရှားခြင်းနှင့် လူတစ်ဦးချင်းစီအား လေးလေးစားစား ရိုရိုသေသေ ဂုဏ်ပြုသော ကျွန်ုပ်တို့၏ ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သည့် မေးလေ့မေးထရှိသော မေးခွန်းများကို ကြည့်ရှုသည့် အထွေထွေ သုံးစွဲသူ**

သင့်အနေဖြင့် COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သည့် မေးခွန်းများရှိနေနိုင်ပါသည်။ အမေးများသည့် မေးခွန်းအချို့ကို ဤတွင် ဖော်ပြထားပါသည်။ သင်၏ ဆရာဝန် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ပေးအပ်သူနှင့် တွေ့ဆုံ၍ မေးခွန်းများ မေးမြန်းရန်နှင့် သင်၏ စိုးရိမ်ပူပန်မှုများအကြောင်း ဆွေးနွေးရန်လည်း တိုက်တွန်းလိုပါသည်။ သင့်တွင် ဆရာဝန် သို့မဟုတ် စောင့်ရှောက်မှုပံ့ပိုးသူမရှိပါက https://healthcare.ascension.org/doctors ကို သွားရောက်ကြည့်ရှုပါ။

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သည့် Ascension ၏ ချဉ်းကပ်မှုအတွက် သတင်းအချက်အလက်များကို မည်သည့်နေရာတွင် ကျွန်ုပ်ရှာဖွေနိုင်ပါသလဲ။**

လူနာများအတွက် Ascension ၏ COVID-19 ကာကွယ်ဆေးဆိုင်ရာ အရင်းမြစ်စင်တာ ဝဘ်ဆိုက်အား **ဤနေရာတွင်** (အင်္ဂလိပ်ဘာသာဖြင့်) နှိပ်၍ ရှာဖွေနိုင်ပါသည်။

Ascension ၏ COVID-19 COVID-19 ဝဘ်ဆိုက်အား **ဤနေရာတွင်** (အင်္ဂလိပ်ဘာသာဖြင့်) နှိပ်၍ ရှာဖွေနိုင်ပါသည်။

ပူးပေါင်းလုပ်ကိုင်သူများ **နှင့်ပတ်သက်သည** Ascension ၏ COVID-19 ကာကွယ်ဆေးဆိုင်ရာ ရင်းမြစ်စင်တာ ဝဘ်ဆိုက်အား **ဤနေရာတွင်** (အင်္ဂလိပ်ဘာသာဖြင့်) နှိပ်၍ ရှာဖွေနိုင်ပါသည်။

**COVID-19 ကာကွယ်ဆေးသည် စိတ်ချရခြင်းရှိမရှိ မည်သို့သိရှိနိုင်မည်နည်း။**

ကာကွယ်ဆေးများအားလုံးသည် တင်သွင်းမှုမပြုမီ ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုကို အဆုံးအဖြတ်ပေးနိုင်ရန် ကျယ်ပြန့်ပြည့်စုံသော သုတေသနပြုလုပ်မှု၊ အထောက်အထားမှတ်တမ်းများနှင့် အနီးကပ်စောင့်ကြည့်လေ့လာသည့် လက်တွေ့ဆေးကုသမှုဆိုင်ရာ စမ်းသပ်မှုများလိုအပ်ပါသည်။ အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) သည် အမေရိကန်ပြည်ထောင်စုအတွင်းရှိ ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှု၊ ထိရောက်မှုနှင့် လွယ်လင့်တကူရရှိနိုင်မှုကို သေချာစေရန် တာဝန်ရှိသည်။ ဘေးကင်းလုံခြုံမှုကို ကာကွယ်ရန်နှင့် ပေါ်ပေါက်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးတိုင်းကို သတ်မှတ်ဖော်ထုတ်နိုင်ရန်ငှာ ကာကွယ်ဆေးများကို အများပြည်သူအား အသုံးပြုခွင့်မပေးမီ ထုတ်လုပ်သည့်ကုမ္ပဏီများထံမှ ကျယ်ပြန့်ပြည့်စုံသည့် စစ်ဆေးမှုကို FDA က တောင်းဆိုပါသည်။

ကာကွယ်ဆေးသည် ၎င်း၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း FDA က ဆုံးဖြတ်လျှင် ကာကွယ်ဆေးများအား ထောက်ခံခွင့်ပြုချက်ဖြင့်ဖြစ်စေ အရေးပေါ်အသုံးပြုခွင့် (EUA) ဖြင့်ဖြစ်စေ အမေရိကန်ပြည်ထောင်စုအတွင်း အသုံးပြုခွင့်ပေးနိုင်ပါသည်။

**အရေးပေါ်အသုံးပြုခွင့် (EUA) က FDA ရဲ့ အပြည့်အဝ ထောက်ခံခွင့်ပြုချက်နဲ့ ဘယ်လိုကွာခြားတာလဲ။**

ရောဂါကာကွယ်ထိန်းချုပ်မှု ဗဟိုဌာန (CDC) အဆိုအရ အမေရိကန် အစားအစာနှင့် ဆေးဝါးစီမံခန့်ခွဲမှုဌာန (FDA) က ဆေးတစ်မျိုးက အတည်ပြုခြင်းသည် စဉ်ဆက်မပြတ် တစ်သမတ်တည်းရရှိထားသော အထောက်အထားများအရ ဤဆေးမှာ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် ထိရောက်ပြီး ထုတ်ကုန်အတည်ပြုချက်ပါ အညွှန်းနှင့်အညီ အသုံးပြုသောအခါ ၎င်း၏ ဘေးအန္တရာယ်များထက် ကောင်းကျိုးများက ပိုများသည်ဟု FDA က မှတ်ယူလိုက်ခြင်းပင် ဖြစ်ပါသည်။

အများပြည်သူကျန်းမာရေးအတွက် အရေးပေါ်အခြေအနေရှိသည့်အခါ FDA သည် အပြည့်အဝထောက်ခံခွင့်ပြုရေးလုပ်ငန်းစဉ်ကို မပြီးစီးသည့်အချိန်တွင် အရေးပေါ်အသုံးပြုခွင့် (EUA) ကို ထုတ်ပေးနိုင်သည်။ COVID-19 ကာကွယ်ရန်အတွက် စမ်းသပ်ဆဲအဆင့်ရှိသည့် COVID-19 ကာကွယ်ဆေးများအတွက် FDA သည် လုံလောက်မှုရှိပြီး ပြုလုပ်ပြီးဖြစ်သော လက်တွေ့ဆေးကုသစမ်းသပ်မှုများသာမက ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များထက် ပိုမိုအကျိုးရှိသည့် ကာကွယ်ဆေး၏ အကျိုးကျေးဇူးများအကြောင်း ဆန်းစစ်လေ့လာမှုမှ

ဒေတာအပါအဝင် ရရှိနိုင်သည့် သိပ္ပံနည်းကျ သက်သေအထောက်အထားအားလုံးကို ထည့်သွင်းထားသည့် ဖြစ်စဉ်တစ်ခုချင်းအလိုက် အရေးကြီးသည့်အချက်များအပေါ် အကဲဖြတ်မှုကို ပြုလုပ်မည်ဖြစ်ပါသည်။
COVID-19 ကို ကာကွယ်တားဆီးရန် ကာကွယ်ဆေးများအတွက် အရေးပေါ်အသုံးပြုခွင့် (အင်္ဂလိပ်ဘာသာဖြင့်)

**COVID-19 ကာကွယ်ဆေးတွေဟာ ဘယ်လိုအလုပ်တာလဲ။**

CDC ၏ အဆိုအရ COVID-19 ကာကွယ်ဆေးများသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များမှ ပဋိဇီဝပစ္စည်းများကို ထုတ်လုပ်ရာတွင် အကူအညီပေးပြီး နာမကျန်းဖြစ်စေခြင်းမရှိဘဲ COVID-19 အား ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်အား ခုခံနိုင်စွမ်းကို တိုးတက်ဖြစ်ထွန်းစေပါသည်။ ထို့ပြင် ကာကွယ်ဆေးသည် နောင်အခါတွင် ဗိုင်းရပ်စ်အား တိုက်ခိုက်ရမည့်နည်းလမ်းကို မှတ်သားနိုင်စေမည့် "မှတ်ဉာဏ်" လင်ဖိုဆိုက်များကို ခန္ဓာကိုယ်မှ ထွက်ရှိစေပါသည်။

ခန္ဓာကိုယ်အနေဖြင့် ပဋိဇီဝပစ္စည်းများကို ထုတ်လုပ်ရန်နှင့် ကာကွယ်ဆေးထိုးနှံပြီးနောက် ခုခံမှုကို ရရှိရန်အတွက် ရက်သတ္တပတ်အနည်းငယ်ကြာမြင့်လေ့ရှိပါသည်။ ထို့ကြောင့် ကာကွယ်ဆေးသည် ကာကွယ်မှုပေးရန် အချိန်လုံလောက်စွာ မရရှိသေးသဖြင့် လူတစ်ဦးသည် ကာကွယ်ဆေးထိုးနှံမှုမတိုင်မီဖြစ်စေ ထိုးနှံပြီးချက်ချင်းဖြစ်စေ COVID-19 ဖြစ်စေသည့် ဗိုင်းရပ်စ်ကူးစက်နိုင်ပြီး နာမကျန်းဖြစ်နိုင်ပါသည်။

FDA မှ အရေးပေါ်အသုံးပြုခွင့် (EUA) အတွက် တင်သွင်းထားသည့် ကာကွယ်ဆေးနှစ်မျိုး (Pfizer နှင့် Moderna) သည် ကိုရိုနာဗိုင်းရပ်စ်အတွက် ဆင်တူသည့် ပရိုတင်းတစ်မျိုးကို ထုတ်လုပ်ရန်အသုံးပြုသည့် ခန္ဓာကိုယ်၏ ဆဲလ်များဖြစ်သည့် မျိုးဗီဇပစ္စည်းအစိတ်အပိုင်းငယ်များအား ထိုးသွင်းခြင်းဖြစ်သည့် နိုဗယ် mRNA နည်းပညာတစ်မျိုးတည်းကို အသုံးပြုထားပါသည်။ ဤပရိုတင်းကို တုန့်ပြန်သည့်အနေဖြင့် ခန္ဓာကိုယ်သည် ဗိုင်းရပ်စ်ကို တိုက်ခိုက်သုတ်သင်ရန် အသင့်ပြင်ဆင်ထားသည့် ပဋိဇီဝပစ္စည်းများကို ဖန်တီးပါသည်။

FDA မှ EUA အတွက် တင်သွင်းထားသည့် တတိယမြောက် ကာကွယ်ဆေး (Janssen- Johnson & Johnson ) သည် ဗိုင်းရပ်စ်ဗက်တာ ကာကွယ်ဆေးဖြစ်သည်။ ဗိုင်းရပ်စ်ဗက်တာ ာကွယ်ဆေးသည် ကျွန်ုပ်တို့၏ ဆဲလ်များသို့ အရေးကြီးသည့် ညွှန်ကြားချက်များကို ပို့ဆောင်ပေးနိုင်ရန် မတူကွဲပြားသည့် ဗိုင်းရပ်စ် (ဗက်တာ)၏ ဗီဇပြောင်းဗားရှင်းကို အသုံးပြုထားသည်။ Janssen (Johnson & Johnson) COVID-19 ဗိုင်းရပ်စ်ဗက်တာ ကာကွယ်ဆေးတွင် ဗက်တာ (ဤဗိုင်းရပ်စ်သည် COVID-19 ကို ဖြစ်ပွားစေခြင်းမရှိသည့် အန္တရာယ်မရှိသော Adenovirus ဗိုင်းရပ်စ်) သည် ကျွန်ုပ်တို့ ခန္ဓာကိုယ်အတွင်း ဝင်ရောက်မည်ဖြစ်ပြီး COVID-19 ကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်၏ အန္တရာယ်ရှိသော အစိတ်အပိုင်းကို ထွက်ရှိလာစေရန် ဆဲလ်လုပ်ငန်းစဉ်ကို အသုံးပြုသည်။ ဤအစိတ်အပိုင်းကို စူးချွန်ပရိုတင်းဟုခေါ်ပြီး ၎င်းကို COVID-19 အားဖြစ်ပွားစေသည့် ဗိုင်းရပ်စ်၏ မျက်နှာပြင်ပေါ်တွင်သာ တွေ့ရှိရသည်။ ဤဆဲလ်သည် ၎င်း၏ မျက်နှာပြင်ပေါ်တွင် စူးချွန်ပရိုတင်းကို ပြသထားသဖြင့် ကျွန်ုပ်တို့၏ ကိုယ်ခံအားစနစ်က ၎င်းသည် ဤခန္ဓာကိုယ်နှင့် သက်ဆိုင်မှုမရှိကြောင်း သိရှိစေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ ကိုယ်ခံအားစနစ်က ကိုယ်တွင်းပဋိပစ္စည်းများကို စတင်ထုတ်လုပ်ပြီး ကူးစက်မှုဟု ယူဆရသည့်အရာကို တိုက်ခိုက်ရန်အတွက် အခြား ကိုယ်ခံအားဆဲလ်များကို စတင်လှုံ့ဆော်ပေးသည်။

တခါတရံ ကာကွယ်ဆေးထိုးနှံပြီးသည့်နောက်တွင် ပဋိဇီဝပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ကိုယ်ခံအား တည်ဆောက်ခြင်းလုပ်ငန်းစဉ်ကြောင့် ဖျားခြင်းကဲ့သို့ ရောဂါလက္ခဏာများကို ဖြစ်ပွားစေနိုင်ပါသည်။ အဆိုပါ ရောဂါလက္ခဏာများသည် သာမန်ဖြစ်ပြီး ခန္ဓာကိုယ်သည် ကိုယ်ခံအားကို တည်ဆောက်နေကြောင်း ပြသသည့် လက္ခဏာဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေး၏ လုပ်ဆောင်ပုံကို နားလည်သဘောပေါက်ခြင်း (အင်္ဂလိပ်ဘာသာဖြင့်)

**ကျွန်ုပ်သည် ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိပြီး COVID-19 မှ ပြန်လည်ကျန်းမာလာပါက ကာကွယ်ဆေးထိုးနှံရန် လိုအပ်ပါသေးသလား။**

ဆေးဝါးစမ်းသပ်မှုမှ ရရှိလာသည့် အချက်အလက်များအရ mRNA COVID-19 ကာကွယ်ဆေးသည် ယခင် SARS-CoV-2 ကူးစက်မှုကို ခံထားရသည့် အထောက်အထားရှိသူများအတွက် ဘေးကင်းပါသည်။ ယခင်က SARS-CoV-2 ကူးစက်ခဲ့ကြောင်း လက္ခဏာပြသမှု သို့မဟုတ် ရောဂါလက္ခဏာ မပြသမှုများနှင့် သက်ဆိုင်ခြင်းမရှိဘဲ လူတိုင်းအား ကာကွယ်ဆေး ထိုးပေးနိုင်ပါသည်။ ပြင်းထန်သော SARS-CoV-2 ကူးစက်မှုအတွက် ဗိုင်းရပ်စ်ပိုး စစ်ဆေးမှု သို့မဟုတ် ကာကွယ်ဆေးဆိုင်ရာ ဆုံးဖြတ်ချက်အတွက် ယခင်ကူးစက်မှုတစ်ခုတည်းကို ဆန်းစစ်ရန် သွေးရည်ကြည်စစ်ဆေးမှုတို့ ပြုလုပ်ခြင်းအား အကြံမပေးလိုပါ။

လက်ရှိ SARS-CoV-2 ကူးစက်မှုကို ခံစားနေရသူဟု သိရှိထားသူများအတွက် ကာကွယ်ဆေးထိုးခြင်းအား ထိုလူနာများ အပျင်းအထန် နာမကျန်းဖြစ်နေခြင်းမှ ပြန်လည်သက်သာလာသော အချိန် (ထိုလူနာတွင် ရောဂါလက္ခဏာများ ရှိနေပါက) နှင့် သီးခြားခွဲထားခြင်းကို ရပ်တန့်ရန် ဆန်းသတ်မှတ်ချက် (အင်္ဂလိပ်ဘာသာဖြင့်) ပြည့်မီသည့် အချိန်အထိ စောင့်ဆိုင်းသင့်ပါသည်။ ဤအကြံပြုချက်သည် ကာကွယ်ဆေးထိုးခြင်းမပြုမီ SARS-CoV-2 ကူးစက်ခံထားရနေသူများအတွက်သာမက ပထမဆုံးအကြိမ် ကာကွယ်ဆေးထိုးထားပြီးသော်လည်း ဒုတိယအကြိမ် မထိုးမီတွင် SARS-CoV-2 ကူးစက်မှု ဖြစ်ပွားနေသူများနှင့် အကျုံးဝင်ပါသည်။ ကူးစက်ချိန်နှင့် ကာကွယ်ဆေးထိုးချိန်အကြား အနိမ့်ဆုံးခြားထားရမည့်

အချိန်ကာလအတွက် အကြံပြုချက်တစ်စုံတစ်ရာ မရှိသော်လည်း လက်ရှိအထောက်အထား (အင်္ဂလိပ်ဘာသာဖြင့်) အရ ကနဦးကူးစက်မှုဖြစ်ပွားပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ပြန်လည်ကူးစက်ခြင်းမှာ တွေ့ရလေ့ရှိသော ဖြစ်ရပ်တစ်ခု မဟုတ်ပါ။ ထို့ကြောင့် လွန်ခဲ့သော ရက်ပေါင်း ၉၀ အတွင်း ပြင်းထန်သော SARS-CoV-2 ကူးစက်မှု အထောက်အထားရှိသူများအနေဖြင့် ဆန္ဒရှိသည်ဆိုပါက ဤကာလကုန်ဆုံးခါနီးအချိန်အထိ ကာကွယ်ဆေးထိုးခြင်းအား အချိန်ဆွဲထားနိုင်ပါသည်။

**ကာကွယ်ဆေးကို ဘယ်နှကြိမ်ထိုးနှံရန် လိုအပ်မည်နည်း။ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုတည်းမှ ကာကွယ်ဆေးနှစ်ကြိမ်လုံး ထိုးနှံရန် လိုအပ်ပါသလား။**

အမေရိကန်ပြည်ထောင်စုအတွင်း၌ CDC ၏ အဆိုအရ အကျိုးထိရောက်ရန်အတွက် လက်တွေ့ဆေးကုသစမ်းသပ်မှုများအတွင်း အဆင့် 3 ရှိသည့် COVID-19 ကာကွယ်ဆေးအားလုံးအနက် တစ်မျိုးမျိုးကို နှစ်ကြိမ်ထိုးနှံရန် လိုအပ်ပါသည်။ **ထိုးနှံမှုနှစ်ကြိမ်လိုအပ်သည့် ကာကွယ်ဆေးများအတွက် ထိုးနှံမှုနှစ်ခုလုံးသည် ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုတည်းမှ ဖြစ်ရမည်။**

Pfizer BioNTech BNT162b2 ကာကွယ်ဆေးသည် 2 ကြိမ်ထိုးနှံရန်လိုအပ်ပြီး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား 21 ရက်ခြားရမည်။ ၁၇ ရက်ပြည့်ပြီးနောက် သို့မဟုတ် ၁၇ ရက်မြောက်နေ့တွင် ကာကွယ်ဆေးထိုးခြင်းအား မှန်ကန်သည်ဟု မှတ်ယူပါသည်။ Pfizer ကာကွယ်ဆေးအကြောင်း ပိုမိုသိရှိလိုပါက အောက်ပါလင့်ခ်ကို သွားရောက်ကြည့်ရှုပါ -
ကိုရိုနာဗိုင်းရပ်စ် COVID-19 သိပ္ပံသုတေသနနှင့် အရင်းအမြစ်များ (အင်္ဂလိပ်ဘာသာဖြင့်)

Moderna mRNA-1273 ကာကွယ်ဆေးသည 2 ကြိမ်ထိုးနှံရန်လိုအပ်ပြီး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား 28 ရက်ခြားရမည်။ 24 ရက်ပြည့်ပြီးနောက် သို့မဟုတ် ၁၇ ရက်မြောက်နေ့တွင် ကာကွယ်ဆေးထိုးခြင်းအား မှန်ကန်သည်ဟု မှတ်ယူပါသည်။ Moderna ကာကွယ်ဆေးနှင့်သက်ဆိုင်သော ထပ်ဆောင်းအချက်အလက်များအတွက် အောက်ပါဝဘ်ဆိုက်တွင် ကြည့်ရှုပါ -
COVID-19 ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် Moderna ၏ ကြိုးပမ်းမှု (အင်္ဂလိပ်ဘာသာဖြင့်)

ကာကွယ်ဆေးနှစ်ခုလုံးသည် ကုမ္ပဏီတစ်ခုတည်းမှ ဖြစ်ရန်လိုသည်။ မည်သည့် ကာကွယ်ဆေးကို သင်ရရှိထားကြောင်း ဖော်ပြထားသည့် လူနာအချက်အလက်ပြစာစောင်များကို သင်ရရှိပါလိမ့်မည်။ သင့်ဒုတိယထိုးနှံမှုအတွက် အချိန်သတ်မှတ်သည့်အခါနှင့် ထိုးနှံသည့်အခါ သင်ရရှိထားသော ကာကွယ်ဆေးအကြောင်းကို သင့်ကျန်းမာရေး စောင့်ရှောက်မှုပံ့ပိုးသူနှင့် ဆက်သွယ်မေးမြန်းရန် တိုက်တွန်းပါသည်။ သင့်ပထမအကြိမ်ထိုးနှံမှုကို ရရှိသည့်အခါ သင်ရရှိထားသည့် ကာကွယ်ဆေးအား ဖော်ပြထားသည့် အထောက်အထားမှတ်တမ်းကို သင်ရရှိပါမည်။ ထိုစာရွက်စာတမ်းကို သိမ်းဆည်းထားရမည်ဖြစ်ပြီး (လိုအပ်ပါက) သင့်ဒုတိယအကြိမ် ထိုးနှံမှုရန်အတွက် သင်နှင့်တပါတည်း ယူဆောင်သွားရမည်။

Janssen (Johnson & Johnson) COVID-19 ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်သည်။ Janssen (Johnson & Johnson) ကာကွယ်ဆေးနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များ ရယူရန် အောက်ပါဝဘ်ဆိုက်ဒ်တွင် သွားရောက်ကြည့်ရှုပါ- Janssen’s (Johnson & Johnson) COVID-19 Vaccine Global Information
(အင်္ဂလိပ်ဘာသာဖြင့်)

**ကာကွယ်ဆေး၏ ဘေးအန္တရာယ်တွေက ဘာတွေလဲ။**

FDA ၏ စည်းကမ်းတင်းကျပ်စွာ လုပ်ဆောင်ထားသော စစ်ဆေးမှုက ကာကွယ်ဆေးများသည် စိတ်ချရပြီး ထိရောက်မှုမြင့်မားကြောင်း သေချာစေရန် အထောက်အကူပြုပါသည်။ သို့ရာတွင် ကာကွယ်ဆေးအပါအဝင် ဆေးဝါးများအားလုံးသည် ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်အနည်းငယ်ပေးနိုင်ပါသည်။ အတွေ့ရအများဆုံးသော ဘေးထွက်ဆိုးကျိုးအများစုကို ကာကွယ်ဆေးအား အတည်မပြုမီ လက်တွေ့ဆေးကုသမှုစမ်းသပ်မှုအတွင်း သတ်မှတ်ဖော်ထုတ်ပြီးဖြစ်သော်လည်း အတွေ့ရနည်းသည့် ဘေးထွက်ဆိုးကျိုးအနည်းစုကိုမူ ဆေးဝါးများ သို့မဟုတ် ကာကွယ်ဆေးများအား ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာသည့်အခါ တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ကာကွယ်ဆေးများကို လိုင်စင်ထုတ်ပေးပြီးသည့်တိုင် ပေါ်ပေါက်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများအတွက် အဆက်မပြတ် ဂရုတစိုက် စောင့်ကြည့်ရခြင်းဖြစ်ပေသည်။

**တုပ်ကွေးကာကွယ်ဆေးက COVID-19 အတွက်လည်း ကာကွယ်ပေးနိုင်သလား။**

မကာကွယ်ပေးနိုင်ပါ။ တုပ်ကွေးကာကွယ်ဆေးသည် အထူးသဖြင့် လက်ရှိကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားချိန်အတွင်း သင့်အား တုပ်ကွေးဖြစ်ပွားခြင်းမှ ကာကွယ်ရန် အရေးပါသော်လည်း ၎င်းသည် သင့်ကို COVID-19 မှ ကာကွယ်ပေးနိုင်ခြင်းမရှိပါ။ တုတ်ကွေးကာကွယ်ဆေးနှင့် COVID-19 ကာကွယ်ဆေးနှစ်မျိုးစလုံးကို ထိုးခြင်းမှာ ကျန်းမာစွာ ရှင်သန်နေထိုင်ရေးအတွက် အရေးကြီးပါသည်။ တုပ်ကွေးကာကွယ်ဆေးသည် အထူးသဖြင့် လက်ရှိကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားချိန်အတွင်း သင့်အား တုပ်ကွေးဖြစ်ပွားခြင်းမှ ကာကွယ်ရန်

အရေးပါသော်လည်း ၎င်းသည် သင့်ကို COVID-19 မှ ကာကွယ်ပေးနိုင်ခြင်းမရှိပါ။ COVID-19 ကာကွယ်ဆေးကို လက်ခံရယူခြင်းက သင့်ကို ကာကွယ်ပေးနိုင်ပြီး ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကိုလည်း တားဆီးပေးပါလိမ့်မည်။

**Ascension ပံ့ပိုးထောက်ကူရေးဌာနများအတွင်းတွင် နှာခေါင်းစည်းများကို တပ်ဆင်ရန် လိုအပ်ဆဲဖြစ်ပါသလား။**

ကျွန်ုပ်တို့အနေဖြင့် တွဲဖက်လုပ်ကိုင်သူများ၊ လူနာများနှင့် Ascension ပံ့ပိုးထောက်ကူရေးဌာနများအားလုံးသို့ လာရောက်လည်ပတ်သူများအတွက် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ကို ကောင်းစွာပေးအပ်နိုင်ရန် ကတိပြုထားပါသည်။ လောလောဆယ်တွင် လုံခြုံစိတ်ချရမှုကို အများဆုံးရရှိနိုင်ရန်အတွက် နှာခေါင်းစည်းများတပ်ဆင်ရန်သာမက မကြာမကြာ လက်ဆေးခြင်းနှင့် ခပ်ခွာခွာ နေထိုင်ကျင့်သုံးနည်းစနစ်ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ အဆိုပါ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပြုမူဆောင်ရွက်မှုများက ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ အချက်အလက်များပိုမို သိရှိရသည့်အခါ ကျွန်ုပ်တို့၏ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်ချက်ကို ဆန်းစစ်ရန် ဆက်လက်လုပ်ဆောင်သွားပါမည်။

**ကာကွယ်ဆေးအမျိုးအစားသည် နှစ်ကြိမ်ထိုးနှံရန် လိုအပ်ပါက ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုသည် ကျွန်ုပ်၏ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုနောက် 21 ရက် သို့မဟုတ် 28 ရက်အတိအကျ စောင့်ဆိုင်းရန် လိုအပ်မည်လား။**

သင်ရရှိထိုးနှံထားသည့် COVID-19 ကာကွယ်ဆေးအမျိုးအစားအပေါ် မူတည်ပြီး အကောင်းဆုံး ကိုယ်ခံအားစနစ် တုန့်ပြန်မှုကို ရရှိနိုင်ရန် ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံမှုကို ထိုးနှံရန် လိုအပ်ပါသည်။ ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးခြင်းကို အကြံပြုထားသည့် ကြားအချိန်နှင့်အနီးကပ်ဆုံးထား၍ ပြုလုပ်သင့်ပါသည်။ ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံမှုများကို ဒုတိယအကြိမ် ကာကွယ်ဆေးထိုးရန် အကြံပြုထားသောရက်မတိုင်မီ စောင့်ကြည့်ကာလဖြစ်သည့် ၄ ရက်အတွင်း ထိုးနိုင်ပြီး ၎င်းလုပ်ရပ်မှာ မှန်ကန်သည်ဟု မှတ်ယူထားပါသည်။ စောင့်ကြည့်ကာလမတိုင်မီတွင် မလွဲမရှောင်သာ ပြုလုပ်ရသည့် ကာကွယ်ဆေးထိုးနှံမှုများကို ထပ်ခါထပ်ခါ ပြုလုပ်ရန် မလိုအပ်ပါ။ သို့ရာတွင် အကြံပြုထားသည့် ကြားအချိန်ကို ထားရှိရန် မလိုက်နာနိုင်သည့် အခြေအနေရှိပါက Pfizer-BioNTech နှင့် Moderna COVID-19 ကာကွယ်ဆေးများ၏ ဒုတိယအကြိမ် ကာကွယ်ဆေးကို ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသည့်နောက် 6 ပတ် (42 ရက်) အထိ ပြုလုပ်ဆောင်ရွက်ရန် အချိန်စီစဉ်သတ်မှတ်နိုင်ပါသည်။ ဤစောင့်ကြည့်ကာလကို ကျော်လွန်၍ ပြုလုပ်ထားသော mRNA COVID-19 ကာကွယ်ဆေးများ၏ အကျိုးအာနိသင်နှင့် ပတ်သက်သည့် ဒေတာအချက်အလက်များ လုံလောက်စွာ မရရှိသေးပါ။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းကို အဆိုပါ ကြားအချိန်များအား ကျော်လွန်လုပ်ဆောင်ပါက ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြန်လည်စတင်လုပ်ဆောင်ရန် မလိုအပ်ပါ။

**ကာကွယ်ဆိုး အထိုးခံပြီးနောက်တွင် မည်သည့်ဘေးထွက်ဆိုးကျိုးများကို ခံစားရနိုင်ပါသလဲ။**

အတွေ့ရအများဆုံး ဘေးထွက်ဆိုးကျိုးများမှာ ကာကွယ်ဆေးထိုးသောနေရာတွင် နာကျင်ခြင်းနှင့် တုပ်ကွေးရောဂါနှင့်ဆင်တူသော တုံ့ပြန်မှုများဖြစ်ပြီး နှစ်ရက်အထိ ကြာနိုင်ပါသည်။ အသက် ၅၅ နှစ်အောက် အရွယ်ရောက်ပြီးသူများ၏ ၅၀% ကျော်သည် ပင်ပန်းနွမ်းလျခြင်း သို့မဟုတ် ခေါင်းကိုက်ခြင်းများကို ခံစားကြရပြီး ၃၃% မှာမူ ချမ်းစိမ့်ခြင်း သို့မဟုတ် ကြွက်သားများနာခြင်းကို ခံစားကြရသည်ဟု ဖော်ပြထားပါသည်။ ၁၆% ကမူ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးနောက် ဖျားနာသည်ဟု ခံစားရကြောင်း ဖော်ပြထားပါသည်။ သို့သော် အသက် ၅၅ နှစ်အထက် လူကြီးပိုင်းများက အဆိုပါ ဘေးထွက်ဆိုးကြိုးများကို ခံစားရနိုင်ချေ ပိုနည်းပါသည်။ ဓာတ်မတည့်မှုများ သို့မဟုတ် အသက်အန္တရာယ် စိုးရိမ်ရသည်အထိ ပြင်းထန်သော ဓာတ်မတည့်မှုများကို ခံစားနေရသူများ သို့မဟုတ် အခြားဆေးဝါးများ သို့မဟုတ် အစားအစာများနှင့်ပတ်သက်၍ စိုးရိမ်ဖွယ် ဓာတ်မတည့်မှုများကို ကြုံတွေ့ရဖူးသူများသည် ဘေးထွက်ဆိုးကျိုးများအား ပိုမိုခံစားရနိုင်ပါသည်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီး နာရီအနည်းငယ်အကြာတွင် အဆိုပါ ရောဂါလက္ခဏာများကို ခံစားကြရသည်ဟု ကာကွယ်ဆေးထိုးထားသူများစွာက ပြောကြားထားသောကြောင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးနောက်တွင် အနားယူရန်နှင့်/သို့မဟုတ် အလုပ်တစ်ရက်နားရန် စီစဉ်သင့်ပါသည်။

**ပထအကြိမ် ကာကွယ်ဆေးထိုးထားပြီးသော်လည်း ဘေးထွက်ဆေးကျိုးများ သို့မဟုတ် COVID-19 ကူးစက်မှုခံရမှုများကို ကြုံတွေ့ရနိုင်ခြင်း ရှိ၊ မရှိအား ကျွန်ုပ်အသေအချာ သိနိုင်ပါသား။**

ကာကွယ်ဆေးထိုးနှံမှုနောက်ပိုင်းတွင် တခါတရံတွင် ကိုယ်ခံအား တည်ဆောက်မှုလုပ်ငန်းစဉ်သည် အဖျားတက်ခြင်း၊ ကိုယ်ခန္ဓာကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်းနှင့် နုံးခွေခြင်းတို့ကဲ့သို့ ရောဂါလက္ခဏာများကို ဖြစ်ပေါ်စေနိုင်သည်။ [CDC ၏ အဆိုအရ](#) (အင်္ဂလိပ်ဘာသာဖြင့်) အဆိုပါ ရောဂါလက္ခဏာများသည် သာမန်ဖြစ်ပြီး ခန္ဓာကိုယ်သည် ကိုယ်ခံအားကို တည်ဆောက်နေကြောင်း ပြသသည့် လက္ခဏာဖြစ်ပါသည်။ COVID-19 ကူးစက်မှုသည် အဆိုပါထပ်တူ ရောဂါလက္ခဏာများကို ဖြစ်ပေါ်စေနိုင်ပြီး ထပ်ဆောင်းနှင့် ပိုမိုအသေးစိတ်ကျသည့် COVID-19 ရောဂါလက္ခဏာများတွင် ချောင်းဆိုးခြင်း၊ အသက်ရှူခေတ္တရပ်တန့်ခြင်း၊ နှာပိတ်ခြင်း/နှာရည်ယိုခြင်းနှင့် အရသာနှင့် အနံ့မရခြင်းတို့ ပါဝင်နိုင်သည်။

ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုး လက္ခဏာများ ပိုမိုဆိုးရွားလာခြင်း သို့မဟုတ် ၇၂ နာရီကြာအချိန်အထိ သက်သာပျောက်ကင်းခြင်း မရှိပါက၊ သင့်အား အဓိကပြုစုကုသပေးနေသူ သမားတော်ထံ ဆက်သွယ်ပါ။ ဆိုးကျိုးအဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့နေရပါက၊ သင့်ကို အဓိက ပြုစုကုသပေးနေသူ သမားတော်ထံ အလျင်မြန်ဆုံး ဆက်သွယ်ပါ။

**CDC ၏ V-safe အစီအစဉ်ဆိုတာ ဘာလဲ။ ၎င်းတွင် ကျွန်ုပ်မည်သို့ ပါဝင်နိုင်ပါသလဲ။**

CDC အဆိုအရ V-safe သည် စမတ်ဖုန်းကို အခြေခံထားသည့် ကိရိယာတစ်ခုဖြစ်ပြီး ၎င်းအား COVID-19 ကာကွယ်ဆေးထိုးပြီးနောက် စိတ်ကြိုက်ကျန်းမာရေး စစ်ဆေးမှုများ ဖော်ဆောင်ပေးရန် စာတိုပို့ခြင်းနှင့် ဝဘ်ဆိုက်မှတစ်ဆင့် စစ်တမ်းကောက်ယူခြင်းများအတွက် အသုံးပြုပါသည်။ COVID-19 ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးတစ်စုံတစ်ရာ ခံစားရပါက V-safe မှတစ်ဆင့် CDC သို့ အလျင်အမြန် အသိပေး တင်ပြနိုင်ပါသည်။ သင့်အဖြေများအပေါ် မူတည်၍ CDC မှတစ်စုံတစ်ဦးက သင့်ထံဖုန်းခေါ်ဆို၍ သင့်ကိုစစ်ဆေးခြင်းနှင့် နောက်ထပ်အချက်အလက်များ ရယူခြင်းများ ပြုလုပ်ဖွယ်ရှိပါသည်။ နောက်တစ်ကြိမ် ကာကွယ်ဆေးထိုးရန် လိုအပ်ပါက၊ ဒုတိယအကြိမ်မြောက် COVID-19 ကာကွယ်ဆေးထိုးရန်အတွက် V-safe က သင့်ထံ သတိပေးသွားပါမည်။

V-safe တွင် မှတ်ပုံတင် အသုံးပြုရန် ညွှန်ကြားချက်များအတွက် အောက်ပါလင့်ခ်တွင် ကြည့်ပါ -
https://www.cdc.gov/coronavirus/2019-ncov/vaccines/safety/vsafe.html (အင်္ဂလိပ်ဘာသာဖြင့်)

V-safe နှင့်သက်ဆိုင်သည့် အမေးများသော မေးခွန်းများအား အောက်ပါလင့်ခ်တွင် ကြည့်ပါ -
https://www.cdc.gov/coronavirus/2019-ncov/vaccines/safety/faq.html (အင်္ဂလိပ်ဘာသာဖြင့်)

**အချက်အလက်များ ပိုမိုသိရှိလိုပါက**
COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်၍ ပိုမိုလေ့လာလိုသည်များရှိပါက သင်၏ ကျန်းမာရေး ဝန်ဆောင်မှု ပေးအပ်သူနှင့် ပြောဆိုဆွေးနွေးပါ သို့မဟုတ် အောက်ပါတို့အား အသုံးပြုပါ -

**Ascension Connect COVID-19 တိုက်ရိုက်ဖြေကြားရေးဖုန်းလိုင်းများ**

| **ဈေးကွက်** | **အခမဲ့ခေါ်ဆိုနိုင်သည့်ဖုန်းနံပါတ်** |
|---|---|
| **Ascension Connect ပင်မဖုန်းနံပါတ်** | **(833) 978-0649** |
| Baltimore/Binghamton/DC | (833) 980-0692 |
| Birmingham | (833) 980-0690 |
| Florida နှင့် Gulf ကမ်းခြေ | (833) 981-0712 |
| Illinois (AMITA) | (224) 273-3900 |
| Indiana | (833) 981-0733 |
| Kansas နှင့် Oklahoma | (855) 782-1039 |
| Michigan | (833) 981-0738 |
| Tennessee | (833) 981-0626 |
| Texas | (833) 919-1680 |
| Wisconsin | (833) 981-0711 |

**အခြား အရင်းအမြစ်များ**

- CDC - ကိုရိုနာဗိုင်းရပ်စ်ရောဂါ 2019 (COVID-19) ကာကွယ်ဆေးများ (အင်္ဂလိပ်ဘာသာဖြင့်)
- FDA - FDA COVID-19 ကာကွယ်ဆေးဆိုင်ရာ အချက်အလက် (အင်္ဂလိပ်ဘာသာဖြင့်)
- HHS Operation Warp Speed - အချက်အလက်စာစောင်Operation Warp Speed အကြောင်း ရှင်းလင်းပြောဆိုမှု (အင်္ဂလိပ်ဘာသာဖြင့်)
- FDA - ကာကွယ်ဆိုးအထိုးခံမည့်သူများနှင့် ပြုစုကုသမှုပေးအပ်သူများအတွက် Pfizer-BioNTech COVID-19 (အင်္ဂလိပ်ဘာသာဖြင့်)ကာကွယ်ဆေးဆိုင်ရာ အချက်အလက်သတင်းလွှာ (အင်္ဂလိပ်ဘာသာဖြင့်)
- FDA - ကာကွယ်ဆေးထိုးပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သူများအတွက် Pfizer-BioNTech COVID-19 ကာကွယ်ဆေးဆိုင်ရာ အချက်အလက်သတင်းလွှာ(အင်္ဂလိပ်ဘာသာဖြင့်)
- FDA - Pfizer-BioNTech COVID-19 ကာကွယ်ဆေး အရေးပေါ် အသုံးပြုမှု ခွင့်ပြုချက(အင်္ဂလိပ်ဘာသာဖြင့်)
- FDA - ကာကွယ်ဆေးအထိုးခံမည့်သူများနှင့် ပြုစုကုသမှုပေးအပ်သူများအတွက် Moderna COVID-19 ကာကွယ်ဆေးဆိုင်ရာ အချက်အလက်သတင်းလွှာ(အင်္ဂလိပ်ဘာသာဖြင့်)
- FDA - ကာကွယ်ဆေးထိုးပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သူများအတွက် Moderna COVID-19 (အင်္ဂလိပ်ဘာသာဖြင့်)ကာကွယ်ဆေးဆိုင်ရာ အချက်အလက်သတင်းလွှာ
- FDA - Moderna COVID-19 ကာကွယ်ဆေး အရေးပေါ် အသုံးပြုမှု ခွင့်ပြုချက်(အင်္ဂလိပ်ဘာသာဖြင့်)
- FDA - Janssen (Johnson & Johnson) COVID-19 ကာကွယ်ဆေး လက်ခံရရှိသူများနှင့် စောင့်ရှောက်မှုပေးသူများအတွက် အချက်အလက်ပြစာစောင် (အင်္ဂလိပ်ဘာသာဖြင့်)
- FDA - Janssen (Johnson & Johnson) COVID-19 ကာကွယ်ဆေး ကာကွယ်ဆေးထိုးနှံခြင်းကို စီမံဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူများအတွက် အချက်အလက်ပြစာစောင် (အင်္ဂလိပ်ဘာသာဖြင့်)
- FDA - Janssen (Johnson & Johnson) COVID-19 EUA ခွင့်ပြုစာ (အင်္ဂလိပ်ဘာသာဖြင့်)